

# ဘေးအန္တ ရာယ်ကြိုတင်ပြင်ဆင်ရေး ဆူနာမီ


ပပနှင့် ထွန်းထွန်းတို့ ကျောင်းပိတ်ရက်တွင် ချောင်းသာကမ်းခြေသို့ အပန်းဖြေခရီး ရောက်ရှိနေသည်။ ကမ်းခြေတွင် ပျော်ရွှင်စွာ ကစားနေစဉ်.....
ရုတ်တရက်..အနီးရှိတိရိစ္ဆာန်များ ထူးခြားစွာ ပြုမူလာကြသည်ကို တွေမြင်လိုက်ကြသည်
ဟေ့ .. ပပရေ ဟိုမှာကြည့်စမ်းပါအုံး..
အင်းနော်.. တော်တော်ထူးဆန်းတယ်...
ရုတ်တရက် မြေပြင်များတုန်ခါလာသည်။
ဝုန်း..ဝုန်း...
ဝေါ...ဝေါ....
ဆူနာမီလာတော့မယ် ထင်တယ်..ပြေးကြစို့ဟေ့...
ဆူနာမီဆိုတာဘာလဲ...
ဆူနာမီဆိုတာ ငလျင်ကြောင့်ဖြစ်တတ်တဲ့ ပင်လယ်လှိုင်းကြီးတွေကို ပြောတာလေ.....
အိုး...
ပြေးကြစို့ဟေ့....ဘာပစ္စည်းမှ သိမ်းမနေနဲ့တော့... တို့အသက်က အားလုံးထက်အရေးကြီးတယ်.....
ဆူနာမီသတိပေးကြေငြာချက်!!! ကမ်းခြေနှင့် ဝေးနိုင်သလောက်ဝေးတဲ့ ကုန်းမြင့်နေရာတွေဆီကို အမြန်ဆုံး ပြေးသွားကြပါ...
ငါတို့ဘယ်ကိုသွားရမှာလဲ...
EVACUATION ROUTE
ကမ်းခြေမှာ လမ်းညွှန်ဆိုင်းဘုတ်တွေ ရှိနိုင်တယ်.. မရှိရင်လဲ ဟိုရှေ့ ကတောင်ကုန်းဆီပြေးကြစို့... မြန်မြန်လုပ်....
ရုတ်တရက် ပင်လယ်ကမ်းခြေရှိ ရေများ ကျဆင်းသွားသဖြင့် ကမ်းခြေ၏ သဲသောင်ပြင်မှာ ပိုမိုကျယ်ပြန့်လာသည်ဟု ထင်ရသည်...။
အိုးဟို...
ပြေးကြစို့..မြန်မြန်လာဟေ့...ထွန်းထွန်း.. စောင့်ကြည့်မနေနဲ့၊ ဆူနာမီလာတုန်း ကမ်းခြေမှာ မနေရဘူး....


ပြေးလို့မလွတ်တော့ဘူးဆိုရင်....
ငါဘာလုပ်ရမလဲဟင်....ပပ..
အရေးကြီးဆုံးက ရေမနစ်ဖို့လိုတယ်..ဒီတော့
ရေပေါ်ပေါ်အောင် ကိုယ်ကို ဖော့ထားရမယ်...
ပေတစ်ရာခန့်အမြင့်ရှိသော ရောမလှိုင်းလုံးကြီး
ပင်လယ်ကမ်းခြေထံ ရိုက်ခတ်လာသည်...။
ဝုန်း....
အောင်မယ်လေးဗျ....
မြန်မြန်လုပ်... ငါတို့ဒီအဆောက်အဦးရဲ့
အပေါ်ဆုံးထပ်ကို သွားရအောင်
ကယ်ကြပါအုံးဗျို့....
အီးဟီးဟီး.......
ထွန်းထွန်းရေ...ဒီသစ်ပင်မြဲမြဲကိုင်ထားနော်...
ဒါမှမရရင်...ရေပေါ်ပေါ်နေတဲ့ဟာ
တစ်ခုခုကို မြဲမြဲတွယ်ထားဟေ့....
ကြိုးစားဟေ့ ထွန်းထွန်းရေ....
ရေထဲကတက်နိုင်အောင်
အားစိုက်ထား....
နာရီပေါင်းများစွာကြာပြီးနောက်....
ပပရေ....ဒီလောက်ဆိုရင်..
ငါတို့အောက်ကိုဆင်းလို့
ရပြီထင်တယ်...ငါပျင်းလာပီ..
မရသေးဘူးလေ..ဆူနာမီဆိုတာက နာရီပေါင်း
တော်တော်ကြာတဲ့အထိ ကမ်းခြေကို လာရိုက်နိုင်
သေးတယ်...ငါတို့ အောက်ဆင်းရင် အန္တရာယ်ရှိနိုင်
သေးတယ်..ထွန်းထွန်းရဲ့
ဒီမှာ ရေဒီယိုတစ်လုံး
တွေ့တယ်ဟေ့.....
တော်လိုက်တာ ထွန်းထွန်းရယ်..ခုဆိုရင်
ငါတို့ ဒီရေဒီယိုနဲ့...ဆူနာမီသတင်းတွေကို
နားထောင် နိုင်ပီပေါ့ဟာ.....
ကံကြီးပေလို့ပေါ့ဟာ..ဆူနာမီအကြောင်း......
ကောင်းကောင်းသိတဲ့နင်နဲ့ အတူတူရှိလို့သာ
ငါအသက်ရှင်နေနိုင်တာဘဲဟ....
လူတိုင်းကို ဆူနာမီဖြစ်လာရင်
ဘာလုပ်သင့်သလဲဆိုတာနဲ့ပတ်သက်ပြီး
သင်ပေးရအောင်...
သိပ်ကောင်းတဲ့အကြံဘဲ...

**အောက်ပါအချက်များသည်ဆူနာမီဘေးကြုံတွေ့ရပါကဆောင်ရွက်ရန် လုပ်ငန်းများဖြစ်သည်။ယင်းတို့ကိုသေချာစွာလေ့လာထားလျှင်သင်နှင့်သင့်မိသားစုများ အတွက်စနစ်ကျသော နည်းလမ်းအသွယ်သွယ်ကို လုပ်ဆောင်နိုင်မည်ဖြစ်ပါသည်။**

- သင်၏ နေရာဒေသတွင် ဆူနာမီဖြစ်လေ့ဖြစ်ထရှိပါက
    - ဆူနာမီအန္တရာယ်ကာကွယ်ရေး လေ့ကျင့်ခန်းများ ပုံမှန်လုပ်ဆောင်ပါ
    - မည်သည့်နေရာသည် လုံခြုံမှုရှိသည်ကို သိအောင်လုပ်ပါ
- ဆူနာမီဖြစ်လာနိုင်သည့် လက္ခဏာ များကို သေချာစွာ စူးစမ်းပါ
    - မြေငလျင် သို့မဟုတ် မြေပြင်တုန်ခါလာခြင်း
    - တိရိစ္ဆာန်များ ထူးဆန်းသည့် အပြုအမူများ ပြုလုပ်လာခြင်း
    - ရုတ်တရက် ပင်လယ်ရေများ ကျသွားပြီး ကမ်းခြေရှိ သဲသောင်ပြင်များ ပိုမိုကျယ်ပြန့်လာသည်ဟု ထင်ရခြင်း
- ဆူနာမီဖြစ်လာနိုင်သည့် အသိပေး ကြေငြာချက် များကို ရေဒီယို၊ တီဗီ၊ ဝက်ဆိုက်နှင့် အခြားသော ခိုင်လုံစိတ်ချရသော သတင်းအရင်းအမြစ်များမှ တဆင့် အမြဲနားစွင့်နေပါ...။
- အကယ်၍ ဆူနာမီဖြစ်လာနိုင်သည့် လက္ခဏာများ မြင်တွေ့လာပါက ကမ်းခြေမှ ချက်ချင်းထွက်ခွာပါ။ ပင်းလယ်ကမ်းခြေနှင့် ဝေးနိုင်သလောက်ဝေးသော ကုန်းမြင့်နေရာသို့ သွားပါ။ အကယ်၍ ချောင်ပိတ်မိနေပါက မြင့်မားပြီး ခိုင်ခန့်မှုရှိသော အဆောက်အဦးတစ်ခုခုကို ရှာပြီး ထိုအဆောက်အဦး၏ အပေါ်ဆုံးထပ်သို့ တက်သွားပါ။
- အားနည်းသောသူများကို ကုန်းမြေမြင့်သို့ရောက်လာနိုင်အောင် ကူညီပေးပါ။
- တာဝန်ရှိသူများက ခွင့်ပြုချက်မပေးမချင်း ပင်လယ်ကမ်းခြေသို့ လုံးဝမသွားပါနှင့်.....



*www.redcross.org/prepare/disaster/tsunami*
တွင် ဖတ်ရှုနိုင်ပါသည်။


မြန်မာနိုင်ငံကြက်ခြေနီအသင်း

ရာဇသင်္ဂဟလမ်းမကြီး၊ ဒက္ခိဏသီရိမြို့နယ်၊ နေပြည်တော်။

ဖုန်း/ဖက်စ် - ၀၆၇ - ၄၁၉၀၄၀

**www.myanmarredcrosssociety.org**



၏အကူအညီဖြင့်ဆောင်ရွက်သည်။

လူသားချင်းစာနာထောက်ထားမှု
အကူအညီပေးရေးနှင့် ကယ်ဆယ်ရေး

International Federation
of Red Cross and Red Crescent Societies

香港紅十字會
HONG KONG RED CROSS

Norwegian **Red Cross**